မွန်လူဦးရေ သန်းခေါင်စာရင်းကောက်ယူမှု သတ်မှတ်ထားသည့် ကာလအတွင်း မပြီးနိုင်

သတင်းရင်းမြစ် > ယုဝေ
အင်္ဂါနေ့၊ အောက်တိုဘာလ ၂၂ ရက် ၂၀၁၃ ခုနှစ် ၀၉ နာရီ ၃၆ မိနစ်

ရန်ကုန်တွင် မွန်လူမျိုး သန်းခေါင်စာရင်းကောက်ယူမှု ဆောင်ရွက်နေရာ စီမံကိန်းပြီးဆုံးရန် သတ်မှတ်ထားသည့် ဒီဇင်ဘာလအတွင်း ပြီးဆုံးနိုင်တော့မည်မဟုတ်ဟု မွန်လူမျိုး လူဦးရေစာရင်းကောက်ယူရေး စီမံချက် စီမံခန့်ခွဲမှု ဒါရိုက်တာ ဦးမင်းစိုးအောင်က အောက်တိုဘာ၂၁ တွင် မဇ္ဈိမသို့ ပြောသည်။

ယင်းသို့ စာရင်းကောက်ယူရာတွင် မွန်လူမျိုးအမတ် ရွေးချယ်ခံချင်၍ ကောက်သည်ဟူ၍ နားလည်မှု လွဲမှားခြင်းများ လည်း ကြုံတွေ့နေရပြီး အချို့ကိစ္စများကြောင့်လည်း သန်းခေါင်စာရင်း ကောက်ယူသည့် အချိန် ကြန့်ကြာနေခြင်း
ဖြစ်သည်ဟုလည်း ဦးမင်းစိုးအောင်က ပြောသည်။

၎င်းက "အခက်အခဲတချို့ကြောင့် မွန်လူဦးရေ စာရင်းကောက်တာက ဇန်နဝါရီလအထိလည်း ရောက်သွားနိုင်ပါတယ်။ အမတ်အရွေးခံချင်လို့ လူဦးရေစာရင်းလိုက်ကောက်တယ်လို့ အထင်လွဲမှားမှုတွေတော့ ရှိနေပါတယ်" ဟု
ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်များတွင် မွန်လူမျိုး လူဦးရေစာရင်းကောက်ယူရေး စီမံချက်ပြုလုပ်ရသည့် ရည်ရွယ် ချက်မှာ လာမည့် ၂၀၁၅ ရွေးကောက်ပွဲတွင် မွန်လူမျိုး လွှတ်တော်အမတ် ပေါ်ထွက်လာစေရန် ဖြစ်သည်။ ယင်းအပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မွန်လူဦးရေသည် တစ်နိုင်ငံလုံး လူဦးရေ ၏ ၀ ဒသမ ၀၁ ရာခိုင်နှုန်းထက် ကျော် လွန်ကြောင်း တင်ပြနိုင်ရန်အတွက်လည်း ကွင်းဆင်း စာရင်း ကောက်ယူခြင်း ဖြစ်သည်။

မွန်လူဦးရေ စာရင်းကောက်ယူရာတွင် လူမျိုးအမည် လွဲမှားနေသူများအနေဖြင့် အဖေမှတ်ပုံတင်တွင် အဖေ မွန်လူမျိုး
ဖြစ်နေပါက မွန်လူမျိုးအဖြစ် ပြန်လည်ပြောင်းရန် လွယ်ကူပြီး အချို့မှာမူ မွန်လူမျိုးပြောင်း ရန်အတွက် လိုအပ်သော လက်မှတ်များ ထိုးရန်ကိုပင် စိုးရိမ်ပူပန်မှုများရှိနေသည်ဟု မွန်လူမျိုး လူဦးရေ စာရင်းကောက်ယူရေး စီမံချက် ဦးဆောင်ကော်မတီအဖွဲ့ဝင် မိခင်လေးမြင့်က ပြောသည်။

၎င်းက "ကွင်းဆင်းပြီး စာရင်းကောက်တဲ့ ကလေးတွေအတွက် အခက်အခဲဖြစ်ပါတယ်။ အဲဒီလို အခက် အခဲအချို့
ဖြစ်ပေါ်နေတဲ့အတွက် ဒီဇင်ဘာလမှာ စီမံကိန်းအပြီးသတ်နိုင်ဖို့ အခက်အခဲရှိနေပါတယ်။ သတ်မှတ်ကာလမှာ အပြီးသတ်နိုင်အောင်တော့ ကြိုးစားသွားမှာပါ"ဟု ပြောသည်။

မွန်လူမျိုး လူဦးရေစာရင်းကောက်ယူရေး စီမံချက်အား ဇူလိုင်လ ပထမပတ်တွင် စတင်ခဲ့ပြီး ဒီဇင်ဘာလတွင် အပြီးသတ်ရန် လျာထားပြီး ရန်ကုန်မြို့တွင် ခန့်မှန်းအားဖြင့် မွန်လူဦးရေ တစ်သိန်းခွဲခန့် ရှိမည်ဟုလည်း ဆိုသည်။

ယင်းအပြင် မွန်လူမျိုး စာရင်းအမှန် ကောက်ယူရေး စီမံချက်မှ အောက်တိုဘာ ၂၁ ရက်တွင် နိုင်ငံပိုင်သတင်းစာမှ တစ်ဆင့် မွန်လူမျိုးလူဦးရေ စာရင်းအမှန်ရရှိရေး၊ လူမှုစီးပွားရေးနှင့် တန်းတူညီမျှရေးအတွက် မွန်လူဦးရေစာရင်း
ကောက်ခံလျက်ရှိပြီး အိမ်ထောင်စုစာရင်းနှင့် မိသားစုဝင်အားလုံး မှတ်ပုံတင်များအား မိတ္တူပွားထားပေးရန်နှင့် အချက်အလက်များ ပြည့်စုံစေရန် ဖခင်လူမျိုး မိခင်လူမျိုး မွေးဇာတိများအား ပြည့်စုံစွာ ဖြေကြားပေးရန် မေတ္တာရပ်ခံ ထားသည်။

ယခင်က မွန်လူမျိုးများသည် သန်းခေါင်စာရင်းတွင် ဗမာလူမျိုးဟု မှားယွင်း ဖော်ပြခြင်းခံရသည်ဟု စစ်တမ်းများအရ

တွေ့ရှိရသော်လည်း သန်းခေါင်စာရင်း ကောက်ယူချိန်တွင် မွန်လူမျိုးများအား ကရင်လူမျိုးဟု မှားယွင်း ဖော်ပြထား သည်များလည်း တွေ့ရှိနေရသည်ဟု မွန်လူမျိုး လူဦးရေစာရင်း ကောက်ယူရေး စီမံချက် ဦးဆောင်ကော်မတီ အဖွဲ့ဝင် တစ်ဦးဖြစ်သူ ဦးနိုင်မင်းသောင်းသျှင်ကလည်း မဇ္ဈိမနှင့်အင်တာဗျူးတွင် ပြောသည်။

လူမျိုး လူဦးရေစာရင်းကောက်ယူရေး စီမံချက်အရ စမ်းသပ်ကောက်ယူသော မွန်အိမ်ထောင်စု ၃၀ ၌ ၁၀ စုသာ မှတ်ပုံတင်နှင့် သန်းခေါင်စာရင်းတွင် မွန်လူမျိုးဟု စာရင်းအမှန်တွေ့ရှိရသည်ဟု မွန်လူမျိုးလူဦးရေ စာရင်း ကောက်ယူရေး စီမံချက်၏ ဦးဆောင်ကော်မတီ အဖွဲ့ဝင်တစ်ဦးဖြစ်သည့် နိုင်ခင်မောင်မောင်က ဇူလိုင်လ အတွင်းက
ပြောခဲ့သည်။ (function(d, s, id) { var js, fjs = d.getElementsByTagName(s)[0]; if (d.getElementById(id)) return; js = d.createElement(s); js.id = id; js.src = "//connect.facebook.net/en_US/all.js#xfbml=1"; fjs.parentNode.insertBefore(js, fjs); }(document, 'script', 'facebook-jssdk')); Post by Mizzima - News in Burmese .